# သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေ

## အကျဉ်းချုပ်ရှင်းလင်းချက်

*"သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင် လူထုဆန္ဒသည် အာဏာ၏အခြေခံရင်းမြစ်ဖြစ်သည်။"*

*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေ၊ အခန်း ၁၊ အပိုင်း ၁၊ အပိုဒ် ၁၃*



သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဆိုင်ရာ အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး၌ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အား မည်ကဲ့သို့ အတည်ပြုသွားသင့်သည်နှင့်ပတ်သက်ပြီး အစည်းအဝေးတက်ရောက်သူ ကိုယ်စားလှယ်များမှ မဲပေးဆုံးဖြတ်စဉ်။

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏မျှော်မှန်းချက်

သံလွင်မြစ်သည် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအထိ မြစ်ဝှမ်းတလျှောက်နေထိုင်သော လူမှုအသိုင်းအဝန်းများအတွက် အသက်သွေးကြောကြီးပင်ဖြစ်သည်။ ယခုအချိန်တွင် မူတြော်ဒေသပြည်သူများသည် ၎င်းတို့၏ ဇာတိ မြေနှင့်၎င်းတို့နေထိုင်သည့် သံလွင်မြစ်ဝှမ်းလွင်ပြင်ရှိ ဇီဝ - ယဉ်ကျေးမှုဆိုင်ရာကွဲပြားစုံလင်မှုကို ငြိမ်းချမ်းပြီး တာရှည်တည်တံ့စေသော ဘိုးဘွားမြေစုပေါင်းစီမံခန့်ခွဲခြင်းစနစ်များဖြင့် ဆက်လက်ထိန်းသိမ်းကာ စစ်ပွဲများနှင့် ဖျက်ဆီးမှုရန်များမှ ကာကွယ်စောင့်ရှောက်နိုင်အောင် လက်တွဲလုပ်ဆောင်နေကြပြီဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏မျှော်မှန်းချက်မှာ အဖိုးထိုက်တန်သောလူမှု - ဂေဟာစနစ်ဆိုင်ရာနယ်မြေဝန်းကျင်တစ်ခုအတွက် အစစ်အမှန်ကောင်းမွန်သောအုပ်ချုပ်ရေးသည် မည်သို့သောအုပ်ချုပ်ရေးမျိုးဖြစ်နိုင်သည်ကို ထုတ်ဖော်ပြသရန်နှင့် အထက်မှအောက်သို့စီးဆင်းသော စစ်တပ်ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုနေရာတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု တစ်ရပ်ကို ပေးစွမ်းနိုင်ရန်ပင်ဖြစ်လေသည်။

KESAN

ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလုပ်ရှားမှုကွန်ရက်

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အစီအစဉ်ကို ဒေသခံလူထု၊ ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မူတြော်ခရိုင် ကေအဲန်ယူခေါင်းဆောင်များ စသည့်အစုအဖွဲ့အားလုံးတို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်နေကြခြင်း ဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ၅,၄၈၅ စတုရန်းကီလိုမီတာ (၁,၃၅၅,၅၈၀ ဧက) အကျယ်အဝန်းရှိပြီး အိမ်ခြေ ၉၈၈၄ မှ ပြည်သူလူထုပေါင်း ၆၇၇၈၄ ကျော် နေထိုင်နေသော ရွာပေါင်း ၃၄၈ ကို လွှမ်းခြုံထားသော ဥယျာဉ်တခု ဖြစ်သည်။ ထို့အပြင် ဥယျာဉ်ထဲတွင် နယ်မြေအကျယ်အဝန်း ပြန်လည်တိုင်းထွာ မှတ်တမ်းတင်ထားပြီးဖြစ်သည့် ဓလေ့ရိုးရာ အရစီမံခန့်ခွဲသည့် **ကော်** (ဓလေ့ရိုးရာ) မြေ ၁၆၈ ခု (စုစုပေါင်း ဧက ၇၄၉၃၃၈)၊ ကျေးရွာပိုင် ဘုံသစ်တော ၃၄ ခု (စုစုပေါင်းဧက ၃၆၅၈၀)၊ ကြိုးဝိုင်းသစ်တော ၈ ခု (စုစုပေါင်းဧက ၁၂၃၃၇၃)၊ နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၃ ခု (စုစုပေါင်းဧက ၁၁၃၃၂၄) စသည်တို့ပါဝင်သည်။

သဘာဝနှင့်ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးများသာမက ငြိမ်းချမ်းရေး၊ စစ်မက်လျှော့ချရေး၊ ဒုက္ခသည် များနေရပ်ပြန်လည်နေထိုင်ရေး နှင့် ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးစသည့်အရေးကိစ္စများကိုပါ ပေါင်းစပ်ဆောင်ရွက်သော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် မူတြော်ခရိုင်အနာဂတ်အတွက်အဖက်ဖက်ကို လွှမ်းခြုံသောအမြော်အမြင်တစ်ခုပင် ဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ နယ်နိမိတ်၊ အခြေခံဥပဒေနှင့် စီမံအုပ်ချုပ်ရေးစနစ်များကို ဒေသခံလူထုနှင့် ခေါင်းဆောင်များက အပြန်အလှန်လေးလေးနက်နက်ဆွေးနွေးပြီးမှ သတ်မှတ်ခဲ့ခြင်းဖြစ်သောကြောင့် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်သည် ပြည်သူလူထုကိုဗဟိုပြုသော စီမံကိန်းတစ်ရပ်ဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အစီအစဉ်ကို နောက်ပိုင်းမှသာ စတင်ခဲ့သော်လည်း ဒေသအတွင်း၌ နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့သော လူထုအခြေပြုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများက ဤသံလွင်ငြိမ်း ချမ်းရေးဥယျာဉ်၏ အခြေခံအုတ်မြစ်များပင်ဖြစ်သည်။ အဆိုပါလူထုကိုယ်တိုင်ပါဝင်မောင်းနှင်ဆောင်ရွက်သောလုပ်ငန်းများ ထဲတွင် ကျေးရွာပိုင်ဘုံသစ်တောဖွဲ့စည်းခြင်း၊ ငါးထိန်းသိမ်းရေးအိုင်များသတ်မှတ်ထိန်းသိမ်းခြင်း၊ ဓလေ့ရိုးရာ **ကော်** မြေယာစီမံခန့်ခွဲရေးစနစ်များကို ပြန်လည်အသက်သွင်းခြင်းနှင့် **ကော်**နယ်မြေများအတွက် မြေပုံပြန်လည်တိုင်းထွာ သတ်မှတ်ခြင်းစသည်တို့ ပါဝင်သည်။ ယခုအချိန်၌ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် အထက်ပါလူထုအခြေပြုလုပ်ငန်း များကို ကာကွယ်သွားရန်နှင့် တချိန်တည်းတွင် ဒေသခံကရင်လူထု၊ ကေအဲန်ယူနှင့် ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းတို့အ တူတကွ ကြိုးပမ်းတည်ဆောက်လာခဲ့သည့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသောအုပ်ချုပ်ရေးစနစ်ကို ပိုမိုတောင့်တင်းခိုင်မာအောင် လုပ်ဆောင် အကောင်အထည်ဖော်သွားရန် ရည်ရွယ်သည်။

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေကို ရေးဆွဲခြင်း

*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေကို ကရင်ပြည်နယ်မူတြော်ခရိုင်အတွင်းရှိ လူမှုအသိုင်းအဝန်းများ၏ လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်သောဆွေးနွေးတိုင်ပင်မှုများဖြင့် ရေးဆွဲချမှတ်ခဲ့သည်။ ဖွံ့ဖြိုးကြီးထွားမှုရှိသည့်အပြင် တာရှည်တည်တံ့ခိုင်မြဲစေမည့် ငြိမ်းချမ်းသည့် ရှင်သန်နေထိုင်မှုဘဝပုံစံတစ်ခုကို ငတ်မွတ်တောင့်တသော ၎င်းတို့၏ မျှော်လင့်ချက်ကို ကိုယ်စားပြုထင်ဟပ်နေသည့် အခြေခံဥပဒေပင်ဖြစ်၏။* (သံလွင်ငြိမ်းချမ်း ရေးဥယျာဉ်အခြေခံဥပဒေ မိတ်ဆက်နိဒါန်း)

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အရေးကြီးဆုံးလုပ်ငန်းမှာ ဒေသခံလူထုအား အခွင့်အာဏာပေးအပ်ခြင်းမှတဆင့် ၎င်းတို့ကိုယ်တိုင် ၎င်းတို့၏ရိုးရာဓလေ့များကို ပြန်လည်အသက်သွင်းနိုင်အောင်၊ ၎င်းတို့၏အခွင့်အရေးများကို ပြန်လည် ရရှိနိုင်အောင် နှင့် ၎င်းတို့၏သဘာဝအရင်းအမြစ်များကို ၎င်းတို့ကိုယ်တိုင်စီမံခန့်ခွဲနိုင်အောင် လုပ်ဆောင်ပေးခြင်းပင်ဖြစ် သည်။ ပြည်သူလူထုလက်ထဲတွင် အခွင့်အရေးရှိရန်နှင့် ထိုအခွင့်အရေးများကို ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အလွန်အရေးပါသော ခြေလှမ်းတစ်ခုမှာ တရားမျှတပြီး ကဏ္ဍအဖက်ဖက်ကိုကျယ်ပြန့်စွာလွှမ်း ခြုံနိုင်သော အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးယန္တရားကို ချထားနိုင်ရေးဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ပတ်သက်သည့် အတွေးအခေါ် သည် မူတြော်ခရိုင် ခေါင်းဆောင်များနှင့် ကရင်အရပ် ဖက်လူမှုအဖွဲ့အစည်းများအကြားဆွေးနွေးပြောဆိုလာခဲ့ရာမှ ပေါ် ထွက်လာသော်လည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွက် လိုအပ်သော အခြေခံဥပဒေ၊ ထိုအခြေခံဥပဒေပါလမ်းညွှန်ချက်များ နှင့် အုပ်ချုပ်ရေးယန္တရားများကို အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ကာ ဆွေးနွေးမှုရလဒ်များကို အခြေခံပြီးမှ ရေးဆွဲပုံဖေါ် လာခဲ့ခြင်း ဖြစ်သည်။

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်မြောက်ရေးကော်မတီ

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွက်လိုအပ်သောအုပ်ချုပ်ရေးယန္တရားများကိုရေးဆွဲချမှတ်နိုင်ရန်အတွက် ပထမဆုံးသောခြေလှမ်းအဖြစ် **သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်မြောက်ရေးကော်မတီ**ကို ဖွဲ့စည်းခဲ့သည်။ ဤကော်မတီကို အမျိုးသမီး ၈ ဦးနှင့် အမျိုးသား ၃၉ ဦး၊ စုစုပေါင်း ကော်မတီဝင် ၄၇ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဤကော်မတီ၏အောက်တွင် ကော်မတီခွဲများကို ထပ်မံဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ အကြံပေးကော်မတီ၊ သတင်းအချက်အလက်စုဆောင်းမှတ်တမ်းတင်ရေးကော်မတီ (အဖွဲ့ဝင် ၁၃ ဦး) နှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေရေးဆွဲရေးကော်မတီ (၃၄ ဦး) ဟူ၍ဖြစ်ကြသည်။ သံလွင်ငြိမ်းချမ်ရေးဥယျာဉ်အခြေခံဥပဒေရေးဆွဲရေးအစီအစဉ်ကို စတင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ၌ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်မြောက်ရေးကော်မတီ၊ မူတြော်ခရိုင်ကေအဲန်ယူခေါင်းဆောင်များ နှင့် လူမှုအသိုင်းအဝန်းခေါင်းဆောင်များက အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ကာ သံလွင်ငြိမ်းချမ်ရေးဥယျာဉ်အခြေခံဥပဒေရေးဆွဲရေးကိစ္စရပ်များကို ဆွေနွေးခဲ့ပြီး ထိုသို့ရေးဆွဲရာတွင်လည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းနေထိုင်နေကြသောလူထုအားလုံးပါဝင်သည့် လုပ်ငန်းစဉ်ဖြစ်အောင် မည်သို့မည်ပုံဆောင်ရွက်ရမည်ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးပြီးနောက် ၂၀၁၇ ခုနှစ်၊ မေလတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို ဥပဒေကျွမ်းကျင်သူပညာရှင်များ၏ ကူညီပံ့ပိုးမှုများဖြင့် ရေးဆွဲနိုင်ခဲ့သည်။ အဆိုပါဥပဒေကျွမ်းကျင်သူပညာရှင်များသည်လည်း အရှေ့တောင်အာရှအတွင်း အခြားဒေသရှိ ဌာနေတိုင်းရင်းသားများကိုယ်တိုင်စီမံအုပ်ချုပ်နေသော နယ်မြေဒေသများ၏ စီမံခန့်ခွဲမှုလမ်းညွှန်ချက်များကိုလေ့လာပြီး ယခုသံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံ ဥပဒေမူကြမ်းဖြစ်မြောက်အောင်ကူညီခဲ့ခြင်းဖြစ်သည်။ အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကာ ဤပထမဆုံးသောမူကြမ်းကိုလူထုအားချပြခဲ့ပြီးဒေသခံလူထုနှင့်ဒေသခံခေါင်းဆောင်များ၏သုံးသပ်ဝေဖန်အကြံပြုချက်များအတိုင်း တစ်ကြိမ်ပြီးတစ်ကြိမ်ပြင်ဆင်ရေးသားခဲ့သည်။ ဤလုပ်ငန်းစဉ်အကျဉ်းချုပ်ကို အောက်ပါဇယားတွင်ဖော်ပြထားပြီး ပို၍အသေးစိတ်ကျသောသက်ဆိုင်ရာ အချက်အလက်များကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြထားသည်။

| အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေး | ရက်စွဲ | နေရာ | တက်ရောက်သူ ဦးရေ | အဓိကရလဒ်များ |
|---|---|---|---|---|
| ပထမဆုံးအကြိမ် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေး | ၂၃ - ၂၆၊ မေလ၊ ၂၀၁၆ | ဒေဘူနို | ၃၀၀ | သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အခြေခံသဘောတရားများကိုသက်ဆိုင်ရာလူထုနှင့်အစုအဖွဲ့များအား ဖိတ်ခေါ်ချပြပြီး ၎င်းတို့၏ဝေဖန်သုံးသပ်ချက်ကိုရယူရန် သဘောတူညီမှု ရခဲ့သည်။ |
| ဒုတိယအကြိမ် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေး | ၂၆ - ၂၈၊ ဒီဇင်ဘာလ၊ ၂၀၁၆ | ဒေဘူနို | ၂၉၂ | မူတြော်ခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ရန် သဘောတူညီမှုရရှိခဲ့သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ နယ်နိမိတ်ကို အတည်ပြုနိုင်ခဲ့သည်။ မြို့နယ်နှင့်ကျေးရွာအုပ်စုအဆင့် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများကို ပြုလုပ်ခဲ့သည်။ |
| သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်အခြေခံဥပဒေ ရေးဆွဲရေး အစည်းအဝေး | ၂၅ - ၂၆၊ ဧပြီလ၊ ၂၀၁၇ | ဒေဘူနို | ၆၁ (မ ၈ ဦး၊ ကျား ၅၃ ဦး) | သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေရေးဆွဲရေး အစီအစဉ်ကို ချမှတ်နိုင်ခဲ့သည်။ သက်ဆိုင်ရန်လူထုအားလုံးကို ကိုယ်စားပြုနိုင်မည့် လုပ်ငန်းစဉ်ကို ချမှတ်နိုင်ခဲ့သည်။ |
| အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှု အကြို အစည်းအဝေး | ၁၃ - ၁၄၊ ဇူလိုင်လ၊ ၂၀၁၇ | ဒေဘူနို | ၆၂ ဦး၊ (မ ၃ ဦး၊ ကျား ၅၉ ဦး) | သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချခြင်းယန္တရားများကို ပြန်လည်သုံးသပ်သည်။ လူမှုအသိုင်းအဝန်းကိုယ်စားလှယ်များနှင့် မူတြော်ခရိုင်ခေါင်းဆောင်များကရှေ့လုပ်ငန်းအစီအစဉ်အတွက် အစီအစဉ်ချရန် ဆွေးနွေးခဲ့ကြသည်။ |

| | | | | |
|---|---|---|---|---|
| ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းရုံးလှုပ်ရှားသူများသင်တန်း | ၁၈ - ၂၁၊ ဇူလိုင်လ၊ ၂၀၁၇ | ပေါက်ဒဲလူထုစင်တာ | ၁၇ ဦး (မ ၂ ဦး၊ ကျား ၁၅ ဦး) | လူထုနှင့်ထိတွေ့ဆက်ဆံရေး၊ ဆွေးနွေးရေးနှင့် တွေးခေါ်ဆင်ခြင်ရေးစွမ်းရည်များရရှိခဲ့သည်။ |
| မြို့နယ်အဆင့်အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး | ဖွန်လ - ဩဂုတ်လ၊ ၂၀၁၇ | မြို့နယ် ၃ ခု | ၄၅၆ (မ ၄၈ ဦး၊ ကျား ၄၀၈ ဦး) | သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေမူကြမ်းအတွက် ဝေဖန်သုံးသပ်မှုနှင့် အကြံပြုချက်များကို ရရှိခဲ့သည်။ |
| ကျေးရွာအုပ်စုအဆင့် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး | ဇူလိုင်လ- ဩဂုတ်လ၊ ၂၀၁၇ | ကျေးရွာအုပ်စု ၂၆ ခုနှင့် အီးတူထပြည်တွင်းပုန်းရှောင်ဒုက္ခသည်စခန်း | ၃,၆၆၃ (မ ၁,၁၆၀ ဦး၊ ကျား ၂၅၀၃ ဦး) | သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေမူကြမ်းအတွက် ဝေဖန်သုံးသပ်မှုနှင့် အကြံပြုချက်များကို ရရှိခဲ့သည်။ |
| သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်အတွက် အုပ်ချုပ်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်သင်တန်းများ | ၂၈ - ၂၉၊ နိုဝင်ဘာ၊ ၂၀၁၇ | ဒေဘူနို | ၂၁ (မ ၂ ဦး၊ ကျား ၁၉ ဦး) | သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေမူကြမ်းကို ပြန်လည်ကြည့်ရှုသုံးသပ်ခြင်း၊အုပ်ချုပ်ရေးယန္တရားနှင့် ပတ်သက်ပြီး အကျယ်တဝင့်ဆွေးနွေးခြင်း၊ သဘာဝထိန်းသိမ်းရေးနှင့် လူမှု - ယဉ်ကျေးမှုကိစ္စများကို ဆွေးနွေးခြင်း။ |
| တတိယအကြိမ်အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး | ၁၉ - ၂၀၊ ဒီဇင်ဘာ၊ ၂၀၁၇ | ဒေဘူနို | ၂၇၇ (မ ၄၁ ဦး၊ ကျား ၂၃၆ ဦး) | အထွေထွေညီလာခံနှင့် အုပ်ချုပ်ရေးကော်မတီတို့ကို ဖွဲ့စည်းရန် သဘာတူညီမှုရသည်၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေမူကြမ်းအတွက် လူထုဆန္ဒ ကောက်ယူသွားရန် သဘောတူသည်။ |

## *သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွက် အုပ်ချုပ်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်သင်တန်းများ*

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက် ကော်မတီဝင်များ၏ စီမံအုပ်ချုပ်မှုစွမ်းရည်များပိုမိုမြင့်မားလာစေရန်နှင့် တချိန်တည်းတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို တည်ထောင်ရာ၌ ထည့်သွင်းစဉ်းစားရမည့်အရေးကိစ္စများဖြစ်သည့် သဘာဝထိန်းသိမ်းရေး၊ ပဋိပက္ခ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသိမြင်နားလည်ရန် ၎င်းတို့အတွက် စွမ်းရည်မြှင့်တင်သင်တန်းများ ပြုလုပ်ခဲ့သည်။ သင်တန်းတစ်လျှောက်၌ သင်တန်းသူသင်တန်းသားများသည်သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥဒေမူကြမ်းကိုပြန်လည်သုံးသပ်ခြင်း၊သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွက် လိုအပ်သောအုပ်ချုပ်ရေးယန္တရားများနှင့်ပတ်သက်ပြီး အကျယ်တဝင့် ဆွေးနွေးခြင်း နှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်နိမိတ်အတွက် ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ ပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ဌာနေတိုင်းရင်းသားတို့စီမံခန့်ခွဲသော နယ်မြေ (ICCA) အဖြစ် နိုင်ငံတကာအဆင့်အထိ သတ်မှတ်နိုင်ရန် စတင်စီစဉ်ကြသည်။

## *ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးစည်းရုံးလှုပ်ရှားသူများနှင့် အကြိုညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေး*

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းအားလူထုကိုချပြသည့်အစည်းအဝေးများမပြုလုပ်ခင်ထိုအစည်းအဝေးများအတွက် လိုအပ်သည့် အခြေခံလုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ဖွန်လ၌ အကြိုညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်မြောက်ရေးကော်မတီ၊ ဝါရင့် လူမှုအသိုင်းအဝန်းခေါင်းဆောင်များ၊ မြို့နယ်နှင့်ကျေးရွာအုပ်စုအသီးသီးမှ ကိုယ်စားလှယ်များ၊ စသည်များအပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၆၂ ဦး တက်ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်ခဲ့သောကိုယ်စားလှယ်နှင့်ခေါင်းဆောင်များက နောက်ဆုံးပြန်လည်ပြင်ဆင်သော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို ပြန်လည်သုံးသပ်ခဲ့ကြပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွက်အုပ်ချုပ်ရေးယန္တရားနှင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များကို မည်သို့မည်ပုံ ထူထောင်သွားရမည်ကို ဆွေးနွေးခဲ့ကြသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အစီအစဉ်နှင့်ပတ်သက်ပြီး သတင်းအချက်အလက်များအား လူထုကိုအစဉ်အမြဲအချိန်မှီပေးနိုင်ရန်အတွက် ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးစည်းရုံးလှုပ်ရှားသူများကို စုစည်းပျိုးထောင်ရန်ဆုံးဖြတ်ချက်ချခဲ့သည်။ ထို့နောက် ဤတာဝန်ကိုထမ်းဆောင်ရန်အတွက် လူသော၊ ဘူးသိုနှင့် ဒွယ်လိုးမြို့နယ်အသီးသီးမှ ကိုယ်စားလှယ် ၁၇ ဦး (မ ၂ ဦး၊ ကျား ၁၅ ဦး) ကို ပျိုးထောင်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် မူတြော်ခရိုင်ရှိ ပေါကားဒဲလူထုစင်တာ၌ပြုလုပ်သော စွမ်းရည်မြင့်တင်သင်တန်းပြီးနောက် အဆိုပါကိုယ်စားလှယ် ၁၇ ဦးတို့သည် လူထုနှင့်ထိတွေ့ဆက်ဆံရေးစွမ်းရည်၊ ဆွေးနွေးရေးနှင့် တွေးခေါ်ဆင်ခြင်နိုင်ရေးစွမ်းရည်များကို သင်ယူရရှိနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဤဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးစည်းရုံးလှုပ်ရှားသူ ၁၇ ဦးတို့ သည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အစီအစဉ်နှင့်ပတ်သက်ပြီး လူထုအား သတင်းအချက်အလက်များချပြရာတွင် ကူညီပံ့ပိုးခဲ့ခြင်းဖြင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေရေးဆွဲပြဌာန်းရေးလုပ်ငန်းစဉ်တလျှောက်လုံးအတွင်း လူထုပါဝင်အောင်နှင့် လူထုထံမှ FPIC ခေါ် လူမှုအသိုက်အဝန်းများ၏ ရှင်းရှင်းလင်းလင်းနားလည်သိမြင့်မှုဖြင့် ခွင့်ပြုပေးအပ်သည့် လွတ်လပ်သော သဘောတူညီမှုကို ကြိုတင်ရယူနိုင်ရန် ကူညီပံ့ပိုးပေးခဲ့သည်။

## *သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဆိုင်ရာ အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး*

၂၀၁၇ မှ ၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး (၃) ကြိမ်တွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အကောင်အထည်ဖေါ်ရေးအတွက်လုပ်ငန်းစဉ်များကို ဆွေးနွေးတိုင်ပင်ရန် ဒေသတွင်း ကေအဲန်ယူကိုယ်စားလှယ်များနှင့် ဒေသခံလူထုရာနှင့်ချီကာ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး တက်ရောက်သူများမှ အကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေးနိုင်ရန်နှင့် တင်ပြနိုင်ရန်အတွက် အစည်းအဝေးအကြိမ်တိုင်းကို ရက်ပေါင်းအနည်းငယ်ကြာအောင်ပြုလုပ်ခဲ့သည်။ ဆွေးနွေးတင်ပြခဲ့သောအကြောင်းအရာများနှင့်အစီအစဉ်များထဲတွင်အောက်ပါခေါင်းစဉ်များပါဝင်သည်။

- သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေမူကြမ်း
- သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏နယ်နိမိတ်
- စိုက်ပျိုးသီးနှံထွက်ကုန်နှင့် မျိုးစေ့ပြိုင်ပွဲ
- ကရင်ရိုးရာယဉ်ကျေးမှုသရုပ်ပြပြိုင်ပွဲ
- ဒေသခံလူမှုအသိုက်အဝန်းတစ်အုပ်စုချင်းစီ၏ တင်ပြချက်များ
    - ဌာနေမျိုးစေ့စုဆောင်းသိုလှောင်ခြင်းဓလေ့နှင့်နည်းပညာ
    - ကရင့်ရိုးရာ ဇီဝစုံလင် - စိုက်ပျိုးရေးနည်းပညာ



ကျေးရွာအုပ်စုအဆင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဆိုင်ရာ အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး၊ ၂၀၁၈ ခုနှစ်။

    ၀ လူထုမောင်းနှင် လက်ဖက်စိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း
    ၀ ပြည်တွင်းပုန်းရှောင်နေထိုင်သူဒုက္ခသည်များအား ပြန်လည်နေရာချထားရေး
- ကျောင်းသူကျောင်းသားများမှ ကရင့်ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း
- နတ်စားနှင့်ခရစ်ယာန်ဘာသာများဖြင့် ဝတ်ပြုဆုတောင်းခြင်း

## မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး

မြို့နယ်အဆင့် အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများကို လူသော၊ ဘူးသိုနှင့် ဒွယ်လိုးမြို့နယ်အသီးသီးတွင်ပြုလုပ်ခဲ့ကာသံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းနှင့်စီမံအုပ်ချုပ်ရေးစနစ်ကိစ္စရပ်များကိုပိုမိုကောင်းမွန်နိုင်ခံ့လာအောင် ဆွေးနွေးတိုင်ပင်ခဲ့ပြီး ကျေးရွာခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်၊ ကျောင်းဆရာ၊ ကျောင်းဆရာမ၊ ပညာရေးနယ်ပယ်တွင်လုပ်ကိုင်ဆောင်ရွက်နေသောသူများနှင့်ဒေသတွင်း ကေအဲန်ယူခေါင်းဆောင်များထံမှ သုံးသပ်ဝေဖန်မှု၊ သဘောထားနှင့် အကြံပေးမှုများ ရယူခဲ့သည်။ အစည်းအဝေးတက်ရောက်ခဲ့သူကိုယ်စားလှယ်အားလုံးသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို ပြဌာန်းကျင့်သုံးရန် ယေဘုံယျအားဖြင့် သဘောတူခဲ့ကြသလို အခြေခံဥပဒေပါ ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးစနစ်များပြန်လည်ရှင်သန်အားကောင်းလာရေးအတွက်ကိုလည်း စိတ်အားထက်သန်ကြသည်။

| မြို့နယ် | ရက်စွဲ | အစည်းအဝေးတက်ရောက်ခဲ့သူဦးရေ | | |
|---|---|---|---|---|
| | | မ | ကျား | စုစုပေါင်း |
| ဒွယ်လိုး | ၂၆ - ၂၈၊ ဇွန်လ၊ ၂၀၁၇ | ၁၁ | ၁၁၉ | ၁၃၀ |
| ဘူးသို | ၆ - ၈၊ ဇူလိုင်လ၊ ၂၀၁၇ | ၇ | ၁၄၁ | ၁၄၈ |
| လူသော | ၂၁ - ၂၃၊ ဩဂုတ်လ၊ ၂၀၁၇ | ၃၀ | ၁၄၈ | ၁၇၈ |
| | စုစုပေါင်း | ၄၈ | ၄၀၈ | ၄၅၆ |

မြို့နယ်အဆင့်အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများအပြင်သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းပြည်သူလူထုအားလုံးကိုလွှမ်းခြုံနေသော ကျေးရွာအုပ်စု ၂၆ ခု အတွင်း၌လည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေနှင့် စီမံအုပ်ချုပ်ရေးယန္တရားများအပေါ် လူထုအားလုံးပါဝင်သုံးသပ်ဝေဖန်အကြံပြုနိုင်အောင် ကျေးရွာအုပ်စုအဆင့် အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများကိုလည်း ပြုလုပ်ခဲ့သည်။ ထိုအထဲ တွင် အီးတူထ ပြည်တွင်းပုန်းရှောင်ဒုက္ခသည်စခန်းလည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ နယ်နိမိတ်ထဲတွင်ရှိသည့်အပြင် ထိုစခန်းထဲတွင်နေထိုင်နေကြသောပြည်သူအများစုမှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်နိမိတ်အတွင်းရှိ ယခင်မူလရွာများမှ စစ်ကြောင့်ထွက်ပြေးလာခဲ့ရသူများသာဖြစ်သောကြောင့် ၎င်းတို့နှင့်လည်း သီးသန့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးပြုလုပ်ခဲ့သည်။

| နေရာ | အစည်းအဝေး အရေအတွက် | ရက်စွဲ | အစည်းအဝေးတက်ရောက်သူဦးရေ | | |
|---|---|---|---|---|---|
| | | | မ | ကျား | စုစုပေါင်း |
| ဒွယ်လိုး | ၃ | အောက်တိုဘာလ ၃၀ - နိုဝင်ဘာလ ၁၆၊ ၂၀၁၇ | ၄၁ | ၂၆၁ | ၃၀၂ |
| ဘူးသို | ၁၁ | ဇူလိုင်လ ၂၁ - အောက်တိုဘာလ ၂၁၊ ၂၀၁၇ | ၆၂၅ | ၁,၀၉၅ | ၁,၇၂၀ |
| လူသော | ၁၂ | စက်တင်ဘာလ ၄ - အောက်တိုဘာလ ၁၀၊၂၀၁၇ | ၄၀၄ | ၁,၀၀၈ | ၁,၄၁၂ |
| အီးတူထစခန်း | ၁ | ၈ - ၉၊ ဩဂုတ်လ၊ ၂၀၁၇ | ၉၀ | ၁၃၉ | ၂၂၉ |
| စုစုပေါင်း | ၂၇ | | ၁,၁၆၀ | ၂,၅၀၃ | ၃,၆၆၃ |

# သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းအတွက် လူထုဆန္ဒကောက်ယူခြင်း

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သော အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးတွင် သံလွင်ငြိမ်း ချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရန်အတွက် လူထုအသိုက်အဝန်း၏ထောက်ခံအားပေးမှု အတိုင်းအတာမည်မျှလိုအပ်ပြီး မည်ကဲ့သို့အကောင်းဆုံးတိုင်းတာဆောင်ရွက်သွားမည်ဟူသောအရေးကိစ္စကို အကျယ်တဝင့်ဆွေးနွေးခဲ့သည်။ တစ်ခုသောအကြံပေးချက်မှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို ကျေးရွာတစ်ရွာချင်းစီသို့သွားရောက်ချပြရှင်းပြပြီး သဘောတူထောက်ခံသော ရွာသူရွာသားများ၏ လက်မှတ်ကိုကောက်ခံရန် ဖြစ်သည်။ ဤအကြံပေးချက်တွင် အားသာချက်နှင့်အားနည်းချက်လည်းရှိကြောင်း အစည်းအဝေးတက်ရောက်သူများက ထောက်ပြခဲ့သည်။ အားသာချက်မှာ မြန်မာနိုင်ငံတွင်ပြုလုပ်နေကျဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပုံစံများအစား သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် အခြေခံလူထုကိုဗဟိုပြုသော အခြားရွေးချယ်စရာ ဖွံ့ဖြိုးရေးပုံစံသစ်တစ်ခုဖြစ်ကြောင်းနှင့် လူထု၏တရားဝင်အသိအမှတ်ပြုမှုကိုရရှိကြောင်းကို လူထုထံမှ ကောက်ယူရရှိသော လက်မှတ်များက ခိုင်မာသောသက်သေအဖြစ် ရပ်တည်ပေးနိုင်မည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ကျေးရွားတစ်ရွာချင်းစီသို့သွားပြီး လူထု၏လက်မှတ်များကိုကောက်ယူသွားမည့်လုပ်ငန်းစဉ်တစ်ခုလုံးသည် အလွန်ကြီးမားသောကြောင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ကမ္ဘာတဝှမ်းအရှေ့ တရားဝင်အတည်ပြုကြေငြာနိုင်ရေးအား နှောင့်နှေးစေမည်ကိုလည်း အစည်းအဝေးတက်ရောက်ခဲ့သူ ရွာသူရွာသားအချို့က ထောက်ပြခဲ့သည်။ နောက်ဆုံးတွင် အစည်းအဝေးတက်ရောက်သူအားလုံးမှ အကျေအလည်ဆွေးနွေးခဲ့ပြီးနောက် မဲစနစ်ဖြင့် ဆုံးဖြတ်ခဲ့ရာတွင် အထက်ပါအကြံပေးချက်အတိုင်း လူထုဆန္ဒကို ကောက်ခံသွားမည်ဖြစ်ပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်နိမိတ်အတွင်း နေထိုင်နေသူ လူဦးရေ ၇၅ % (၁၆ နှစ်အထက်) ၏ ထောက်ခံမှုကိုရမှသာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို အတည်ပြုသွားမည်ဟူသော ဆုံးဖြတ်ချက် ရရှိခဲ့သည်။

အထက်ပါဆုံးဖြတ်ချက်ကိုချပြီးနောက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဆယ်လအချိန်ကာလတွင်း ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းရုံးလှုပ်ရှားသူအဖြစ် ရွေးချယ်ပျိုးထောင်တာဝန်ပေးခံရသူများက သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး ရွာသူရွာသားများအား ချပြရှင်းပြရန်နှင့် ဤဥပဒေမူကြမ်းကိုထောက်ခံသောသူများ၏ အမည်နှင့်လက်မှတ်ကိုကောက်ယူရန်အတွက် ကျေးရွာများဆီသို့ကွင်းဆင်းသွားရောက်ခဲ့သည်။ ထိုသို့သွားရောက်ရာတွင်လည်း ၎င်းတို့မှာ စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ အကြီးမားဆုံးသောစိန်ခေါ်




သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းအား ထောက်ခံကြောင်း အမျိုးသမီးတစ်ဦးမှ လက်မှတ်ထိုးပေးခဲ့စဉ်၊
သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေဆိုင်ရာလူထုဆန္ဒကောက်ယူခြင်း၊ ၂၀၁၈ ခုနှစ်။

မှုတစ်ရပ်မှာ ရွာထဲသို့ သွားရောက်သည့်အချိန်တွင် ကျေးရွာများစွာ၌ ရွာသူရွာသားအချို့ ရှိမနေခြင်းဖြစ်သည်။ အကြောင်းမှာ တချို့က အဝေးရှိတောင်ယာနှင့် ဥယျာဉ်ခြံများထဲတွင် ညအိပ်သွားနေခြင်း၊ အချို့မှာ ရပ်ဝေး သို့မဟုတ် အခြားဒေသရှိ မိသားစုနှင့်ဆွေမျိုးများဆီသို့ သွားရောက်လည်ပတ်ခြင်း၊ အချို့မှာ အခြားနေရာသို့သွားရောက်ဆေးကုသခြင်း သို့မဟုတ် ပညာသွားရောက်သင်ယူခြင်း၊ အချို့မှာ အခြားဒေသသို့သွားရောက်အလုပ်လုပ်ခြင်း၊ သို့မဟုတ် အချို့မှာကရင်ပြည်နယ် အတွင်း သို့မဟုတ် ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းသို့သွားရောက်ခိုလှုံခြင်းစသည့် အကြောင်းအရင်းများကြောင့် ဖြစ်သည်။

ထိုကဲ့သို့စိန်ခေါ်မှုများရှိခဲ့သော်လည်း ၁၀ လတာအတောအတွင်း ကျေးရွာများဆီသို့တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်ပြီးတစ်ကြိမ်သွားရောက်ခဲ့ပြီးသည့်နောက်တွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေကို ထောက်ခံသော လူဦးရေ ၇၅% ၏လက်မှတ်ကို ကောက်ယူနိုင်ခဲ့သည်။ အကျဉ်းချုပ်စာရင်းကို အောက်ရှိဇယားကွက်ထဲတွင် ဖေါ်ပြထားသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို ထောက်ခံသောရွာတစ်ရွာချင်းစီမှ လူဦးရေစာရင်းအသေးစိတ်ကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်မြောက်ရေးကော်မတီက စီစစ်ကာ မှတ်တမ်းတင်ထားပြီးဖြစ်သည်။ ယခုစာစောင်ပြုစုရေးသားထုတ်ဝေသည့်အချိန်အထိ အမည်နှင့်လက်မှတ်မပေးနိုင်ခဲ့သော ကျန်ရှိသည့် လူဦးရေ (၉၇၁၇ ဦး) နှင့်စပ်လျင်းပြီး ၎င်းတို့၏ အမည်နှင့်လက်မှတ်ကို မကောက်ယူနိုင်ခဲ့ခြင်းမှာ

(က) ကျေးရွာထဲတွင်မရှိခြင်းကြောင့်လော (အခြားဒေသသို့သွားရောက်လည်ပတ်ခြင်း၊ စစ်ကြောင့်ထွက်ပြေးသွားခြင်း၊ ပြည်တွင်းပုန်းရှောင်စခန်း/ဒုက္ခသည်စခန်းသို့သွားရောက်နေထိုင်ခြင်း၊ စသည်ဖြင့်) သို့မဟုတ်

(ခ) သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို မထောက်ခံခြင်းကြောင့်လော၊ ဟူသည်ကိုမူ ခွဲခြမ်းစိတ်ဖြာဖေါ်ပြထားသော အချက်အလက်များမရှိပါ။

ဤကဲ့သို့ခွဲခြမ်းစိတ်ဖြာဖေါ်ပြထားခြင်းမရှိခဲ့သောကြောင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို မထောက်ခံသည့်လူဦးရေဟုဆိုရမည်ဆိုလျှင် ရာခိုင်နှုန်းမှာ ၂၄.၉ % ထက်နည်းပြီး အဆိုပါလူဦးရေမှာလည်း အခြေအနေအမျိုးမျိုးကြောင့် အမည်နှင့်လက်မှတ်မပေးနိုင်ခဲ့သူ သို့မဟုတ် ကောက်ယူသူဖက်က မကောက်ခံနိုင်ခဲ့သော အထက်ပါ ရွာသူရွာသားများသာဖြစ်သည်။

| | |
|---|---|
| သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း နေထိုင်သူစုစုပေါင်းလူဦးရေ | ၃၈,၉၆၈ |
| သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို ထောက်ခံသူ စုစုပေါင်းလူဦးရေ | ၂၉,၂၅၁ |
| သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းကို ထောက်ခံသူ စုစုပေါင်းလူဦးရေရာခိုင်နှုန်း | ၇၅.၁% |

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေပါ အဓိကကောက်နုတ်ချက်များ

*အရေးအကြီးဆုံးအချက်မှာဤအခြေခံဥပဒေသည်ဌာနေကရင်တိုင်းရင်းသားများအဖို့၎င်းတို့၏သဘာဝသယံဇာတများနှင့် လယ်ယာမြေများအား မည်သို့မည်ပုံစီမံအုပ်ချုပ်မည်၊ ၎င်းတို့၏လူမှုအသိုက်အဝန်းများအား တာရှည်တည်တံ့စေသောဖွံ့ဖြိုးတိုးတက်မှုဆီသို့ မည်သို့မည်ပုံလမ်းညွှန်ခေါ်ဆောင်သွားမည်ဟူသော ကိစ္စရပ်များနှင့်ပတ်သက်၍ လွတ်လွတ်လပ်လပ်ကိုယ်တိုင်ဖန်တီးပုံဖော်နိုင်မည့်အခွင့်အရေးကို ထည့်သွင်းပြဋ္ဌာန်းထားသည်။* (သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေ မိတ်ဆက်နိဒါန်း)

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေတွင် အခန်း (၅) ခန်းနှင့် အပိုဒ် (၁၁၈) ပိုဒ် ဟူ၍ အောက်ပါအတိုင်းပါရှိသည်။

- အကျဉ်းချုပ် (ရည်မှန်းချက်များ၊ သဘောသဘာဝနှင့် အကျုံးဝင်ဝန်းကျင်နယ်ပယ်)
- သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေး (ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်၊ အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူများ၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အဖွဲ့အစည်းမူဘောင်၊ စည်းမျဉ်းစည်းကမ်း ဆိုင်ရာအခြေခံမူများ)

- ငြိမ်းချမ်းရေးနှင့် တရားမျှတမှု (ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်ရင်ကြားစေ့ရေး၊ အငြင်းပွားမှု နှင့် ပဋိပက္ခဖြေရှင်းရေး)
- သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး နှင့် မြေအသုံးချမှု (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယေဘုယျအခြေခံမူများ၊ စိုက်ပျိုးရေး၊ သစ်တော၊ တောရိုင်းတိရစ္ဆာန်၊ မြစ်ချောင်းအင်းအိုင်၊ အခြေခံအဆောက်အအုံနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု)
- မြေနှင့် ယဉ်ကျေးမှုအမွေအနှစ် (မြေပိုင်ဆိုင်မှုနှင့် မြေလက်ရှိထားပိုင်ခွင့်ဆိုင်ရာ အခြေခံမူများ၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်းနှင့် ပြန်လည်ရှင်သန်ဖွံ့ ဖြိုးစေခြင်း)

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေပါ အဓိကအခြေခံမူများ

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေ၏ အစပိုင်း၌ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်၎င်းအတွင်းနေထိုင်သူ ပြည်သူလူထုအားလုံး အမြဲတစေလိုက်နာရမည့် ရည်ရွယ်ချက်နှင့်ဦးတည်ချက်များကို ဖေါ်ပြထားသည်။ ဤနေရာတွင် အဓိကကျသောအချက်များထဲက တစ်ခုမှာ

*အုပ်ချုပ်ရေးတရားဝင်မှုကိုသံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများက၎င်းတို့၏စံနှုန်းတန်ဖိုးများနှင့်စံညွှန်းသတ်မှတ်ချက်များအရ စုပေါင်းဆုံးဖြတ်ရမည်။ ထိုသို့ ဆုံးဖြတ်ရာတွင် လူတိုင်းလက်လှမ်းမှီနိုင်သော၊ အတင်းအဓမ္မဖိအားပေးမှုနှင့်ကြိုးကိုင်ထိန်းချုပ်မှုကင်းသော၊ပွင့်လင်းမြင်သာမှုရှိသော၊ကရင်အမျိုးသားအစည်းအရုံး(KNU)မူကြမ်ခရိုင်အစိုးရ သို့မဟုတ် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ တစ်ဖက်စောင်းနင်းလွှမ်းမိုးမှု သို့မဟုတ် တဖက်သတ်ဆုံးဖြတ်မှုမပါသော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ဖြင့် ဆုံးဖြတ်ရမည်။ (အပိုဒ် ၂၀)*

*အုပ်ချုပ်ရေး၌ပါဝင်ဆောင်ရွက်ခွင့်သည် တန်းတူညီမျှမှု၊ လွတ်လပ်စွာပြောဆိုရေးသားထုတ်ဖော်ခွင့်၊ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့်၊ လူထုအားဆွေးနွေးတိုင်ပင်မှုနှင့် ယေဘုယျသဘော တူညီချက်၊ မတူခြားနားမှုနှင့်ကွဲပြားစုံလင်မှုကိုလေးစားခြင်း၊ စသည့်အခြေခံမူများအပေါ် အခြေခံသည်။ ဘုံအရေးကိစ္စများနှင့်အများပြည်သူအရေးကိစ္စများ၌ လူထု၏ပါဝင်ဆောင်ရွက်မှုကို ရပ်ရွာအဆင့်တွင် တိုက်ရိုက်ဒီမို ကရေစီစနစ်၏ လူမှုအသိုက်အဝန်းအခြေပြုစနစ်ယန္တရားများဖြင့်သော်လည်းကောင်း၊ နယ်မြေဒေသအဆင့်တွင် ကိုယ်စားပြုဒီမိုကရေစီစနစ်ဖြင့်သော်လည်းကောင်း ဖော်ဆောင်သွားမည်ဖြစ်သည်။ (အပိုဒ် ၂၁)*

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေး

သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (ကွန်ဂရက်) ကို နှစ်စဉ်ကျင်းပသည်ဖြစ်ရာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ ပြည်သူပြည်သားအားလုံးအနေဖြင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ပတ်သက်ပြီး သတင်းအချက်အလက်နှင့် တိုးတက်မှုအခြေအနေများကို ဖလှယ်လေ့လာသင်ယူနိုင်မည်ဖြစ်သည်။ ကွန်ဂရက်တွင်ပါဝင်ခွင့်ကို သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ပြည်သူများအားလုံးအတွက် လမ်းဖွင့်ပေးထားပြီး ကွန်ဂရက်တွင်ပါဝင်နိုင်ရေးလုပ်ငန်းစဉ်များအကြောင်းကို လူမှုအသိုက်အဝန်းများအားလုံးအလွယ်တကူလက်လှမ်းမီအောင် ကျယ်ကျယ်ပြန့်ပြန့်အသိပေးဖြန့်ချီမည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလများတွင်ပြုလုပ်ခဲ့သော ဒုတိယအကြိမ်နှင့်တတိယအကြိမ်အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို တရားဝင်အတည်ပြု ကြေငြာခြင်းမပြုခင်ကကျင့်သုံးခဲ့သော လက်တွေ့ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကွန်ကရက်များဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံနှင့်အုပ်ချုပ်ရေးကော်မတီသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲသည်။ ထိုအထဲတွင် အောက်ပါလုပ်ငန်းနှင့် တာဝန်ဝတ္တရားများ ပါဝင်သည်။

- မြိမ်းချမ်းရေးဥယျာဉ်တစ်ခုလုံးတွင်အကျုံးဝင်သော စည်းမျဉ်းစည်းကမ်းများရေးဆွဲဖန်တီးခြင်း၊
- အာဏာပိုင်ရာထူးအဆင့်များ သတ်မှတ်ခြင်း နှင့်
- ယင်းအာဏာပိုင်များတွင် မည်သည့်အာဏာများရှိသည်ကို တိတိကျကျဘောင်ခတ်သတ်မှတ်ခြင်း

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံ


သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံသည် ဒေသခံလူမှုအသိုက်အဝန်းများ၊ မူတြော်ခရိုင်ကေအဲန်ယူ အစိုးရအာဏာပိုင်များ၊ ထို့ပြင် အခြားမိတ်ဖက်ဖွဲ့အစည်းများဖြစ်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူမှုအသိုက် အဝန်းအခြေပြုအဖွဲ့အစည်းများ စသည့်အစုအဖွဲ့များအကြား တာဝန်ခံညှိနှိုင်းဆောင်ရွက်ပေးလျှက်ဤအစုအဖွဲ့တို့ အချင်းချင်းအကြားသော်လည်းကောင်း၊ ၎င်းတို့အတူတကွပူးပေါင်း၍သော်လည်းကောင်း လုပ်ဆောင်သောလုပ်ငန်းများက သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ ရည်မှန်းချက်များကို ထမြောက်အောင်မြင်စေမည့် လမ်းကြောင်းသို့ဦးတည်ဆောင်ရွက် ပေးသည်။ အထွေထွေညီလာခံက အနည်းဆုံးတစ်နှစ်တစ်ကြိမ် နှစ်ပတ်လည်အစည်းအဝေးခေါ် ဆိုရမည်ဖြစ်ပြီး အထွေထွေ ညီလာခံအဆင့်ကနေ ဆုံးဖြတ်ချက် ချရန် လိုအပ်သည့်အရေးပေါ် အခြေအနေမျိုးတွင် အရေးပေါ်အစည်းအဝေးကိုမည်သည့် အချိန်မဆို ခေါ်ဆိုနိုင်သည်။ ဥပမာ - အကယ်၍ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း ကြီးမားသောပြည်သူလူထုဦးရေ ပမာဏအပေါ် ရိုက်ခတ်နိုင်သည့်အဓိကကျသောဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန်အတွက်ဘုံသဘောတူညီမှုတစ်ရပ်ကိုသံလွင် ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီက ရယူနိုင်ခြင်းမရှိပါက အထွေထွေညီလာခံ၏ အရေးပေါ်အစည်းအဝေးတစ် ရပ်ကျင်းပကာ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။

## သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည်သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အလုံးစုံတည်တံ့ခိုင်မြဲရေးနှင့်ပတ် သက်သောအရေးကိစ္စများ (အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့စေရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြင်ပဆက်ဆံရေးတို့နှင့်ဆက်နွယ်နေသောအရေးကိစ္စများ) ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသခံ လူမှုအသိုက်အဝန်းများနှင့်တရားဝင်မူတြော်ခရိုင်ကေအဲန်ယူအစိုးရအာဏာပိုင်တို့အကြားတာဝန်ယူညှိနှိုင်းဆောင်ရွက်ပေး သည်။ ဤနေရာတွင် အရေးကြီးသောအချက်တစ်ချက်မှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် လူမှု အသိုက်အဝန်းအတွင်း/**ကော်**ခလေ့ရိုးရာ မြေယာစီမံအုပ်ချုပ်ရေးစနစ်အောက်ရှိ လူမှုအသိုက်အဝန်းများအတွင်းရှိ ကိစ္စ အဝဝကို ကိုယ်တွယ်ဖြေရှင်းပေးရန် တာဝန်ယူထားခြင်း မဟုတ်ကြောင်းကို နားလည်ရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေ အပိုဒ် ၄၄ တွင် ဆိုထားသည်မှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် စီမံခန့်ခွဲရေး တာဝန်ဝတ္တရားများကို ၎င်းမှအာဏာခွဲဝေနင်းအပ်ထားသောကော်မတီများထံသို့ပေးအပ်ရမည်။ ထိုကော်မတီဝင်များ သည်ကျေးရွာအဆင့်တွင်သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ဘုံအရေးကိစ္စများနှင့်အများပြည်သူအရေးကိစ္စများဆိုင်ရာ နိစ္စဓူဝစီမံခန့်ခွဲရေးအတွက် တာဝန်ရှိသည်။

လိုအပ်သည့်အခြေအနေတွင်အမျိုးမျိုးသောလုပ်ငန်းတာဝန်များနှင့်လုပ်ဆောင်ချက်အစီအစဉ်များအားလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်အမှုဆောင်အုပ်စုများ၊ အထူး အမှုဆောင်အဖွဲ့များနှင့် ကော်မတီခွဲများဖွဲ့စည်းပိုင်ခွင့်ရှိသည်။ အမျိုးမျိုးသောလုပ်ငန်းတာဝန်များနှင့် လုပ်ဆောင်ချက် အစီအစဉ်များဟုဆိုရာတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ပဋိပက္ခဖြေရှင်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး၊ ပြင်ပ ဆက်ဆံရေး၊ ဒုက္ခသည်နှင့်နိုင်ငံတွင်းရွှေ့ပြောင်းနေထိုင်သူအများပြည်သူတို့အတွက် ပြန်လည်ထူထောင်ရေး၊ တာရှည် တည်တံ့စေသော သဘာဝသယံဇာတစီမံခန့်ခွဲရေး၊ အခြေခံအဆောက် အအုံဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေး သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပြန်လည်ရှင်သန်ဖွံ့ဖြိုးစေရေး အစရှိသည်တို့ ပါဝင်သည်။

# သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေး



## *လူထုအခြေပြု မြေယာနှင့်သဘာဝအရင်းအမြစ် စီမံအုပ်ချုပ်ရေး*

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေတွင် လူထုအခွင့်အရေးသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးစနစ်၏ အချက်အချာဖြစ်သည်ဟု ထပ်ခါထပ်ခါ ဆိုထားသည်။ ဤမျှော်မှန်းချက်ကို ခိုင်မာသေချာစေရန်အတွက် အခြေခံဥပဒေအတွင်း အသားပေးထည့်သွင်းထားသော အဓိကအခြေခံမူအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင် လူထုဆန္ဒသည် အာဏာ၏အခြေခံရင်းမြစ်ဖြစ်သည်။ ပြည်သူလူထုသည် လူမှုအသိုက်အဝန်းအဖွဲ့အစည်းများမှတဆင့် တိုက်ရိုက် သို့မဟုတ် ပူးပေါင်းပါဝင်သော အုပ်ချုပ်ရေးပုံစံများကို အသုံးပြုကာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ကို ချမှတ်ပြဋ္ဌာန်းသည်။ (အပိုဒ် ၁၃)*

*လူမှုအသိုက်အဝန်းတစ်ခုချင်းစီသည် မြေ၊ သစ်တော၊ မြစ်ချောင်းအင်းအိုင်၊ တောရိုင်းတိရိစ္ဆာန်နှင့် အခြေခံအဆောက်အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အပါအဝင်သဘာဝသယံဇာတစီမံခန့်ခွဲရေးနှင့် ဆက်နွယ်နေသော ၎င်းတို့၏ ကိုယ်ပိုင်ကျင့်ဝတ်စည်းမျဉ်းကို ဒီမိုကရေစီနည်းကျတရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့်နည်းလမ်းတစ်ရပ်ဖြင့် ရေးဆွဲချမှတ်ခြင်းနှင့်/သို့မဟုတ် ထည့်သွင်းပြဋ္ဌာန်းရမည်။ (အပိုဒ် ၅၄)*

## *အမျိုးသမီးများ၏ကိုယ်စားပြုမှုနှင့်ပါဝင်မှု*

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အုပ်ချုပ်ရေးကိုယ်ထည်အတွင်း ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များ၌ အမျိုးသမီးကိုယ်စားပြုမှုနှင့် အမျိုးသမီးများ၏ပါဝင်မှုရှိစေရန်၊ ထို့ပြင် ဆုံးဖြတ်ချက်များသည် အမျိုးသမီးထု၏အသံနှင့် ၎င်းတို့၏ ထူးခြားသောအတွေ့အကြုံများကို ကိုယ်စားပြုစေရန် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့်ပါဝင်မှုကို သေချာစေသော အခြေခံမူများကို ထည့်သွင်းဖော်ပြထားသည်။

ဥပမာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီတွင် အမျိုးသမီးကိုယ်စားပြုမှုသည် အနည်းဆုံး ၃၀% ရှိရမည်။ ထို့ပြင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီအတွင်း၌ပါဝင်သော အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ် ၂ ဦးတွင် ၁ ဦးသည် အမျိုးသမီးဖြစ်ရမည်၊ ကေအဲန်ယူကိုယ်စားလှယ် ၄ ဦးတွင် အနည်းဆုံး ၁ ဦးသည် အမျိုးသမီးဖြစ်ရမည် နှင့် ရပ်ရွာလူထုကိုယ်စားလှယ် (လူမှုအသိုင်းဝန်းကိုယ်စားလှယ်) ၅ ဦးတွင်၂ ဦးသည် အမျိုးသမီးဖြစ်ရမည်ဟု ဖော်ပြထားသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံ၏အဖွဲ့ဝင်အတွက်မူ ကျေးရွာအုပ်စုတစ်စုချင်းစီမှ အမျိုးသမီး ၁ ဦးနှင့် အမျိုးသား ၁ ဦးစီ ရွေးကောက်တင်မြောက်ရမည်ဖြစ်သည်။

*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေ အပိုဒ် ၁၇ တွင် ဆိုထားသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ဆယ်ကျော်သက်များ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ သို့မဟုတ် မသန်စွမ်းသူများ သို့မဟုတ် ဦးစားပေးမှုမရပါက အလွယ်တကူထိခိုက်နစ်နာရမည့် ဦးစားပေးသင့်သော အခြားသူများတို့၏ လိုအပ်ချက်များကို ဒေသခံလူမှုအသိုက်အဝန်းများက ပံ့ပိုးကူညီဖြည့်ဆည်းရမည်။ လိုအပ်ပါက သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ အထောက်အပံ့ကို ရရှိစေရမည်။*

## အငြင်းပွားမှုဖြေရှင်းရေးယန္တရား

တချိန်ချိန်တွင် ဖြစ်ပေါ်လာမည့်အငြင်းပွားမှုများကို တရားမျှတစွာ ဖြေရှင်းနိုင်ရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေထဲတွင် အငြင်းပွားမှုဖြေရှင်းရေးလုပ်ထုံးလုပ်နည်းနှင့်စနစ်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ဥပမာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း ကေအဲန်ယူနှင့်လူမှုအသိုက်အဝန်း သို့မဟုတ် ကော်ခလေ့ရိုးရာစနစ်အောက်ရှိ လူမှုအသိုက်အဝန်းတို့အကြား အငြင်းပွားဖွယ်ရာများဖြစ်လာပါက သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေ အပိုဒ် ၄၀ တွင် ဤကဲ့သို့ဆိုထားသည်။ လူမှုအသိုက်အဝန်းနှင့် အစိုးရ၏ အုပ်ချုပ်ရေးစနစ်များအကြား ညှိနှိုင်းဖြေရှင်း၍မရနိုင်သော ဆန့်ကျင်ကွဲလွဲမှုတစ်ရပ် ပေါ်ပေါက်လာသည့်အခါမျိုးတွင် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများ၏ ထုံးတမ်းစဉ်

လာအုပ်ချုပ်ရေးစနစ်နှင့်လူမှုအသိုက်အဝန်းအုပ်ချုပ်ရေးစနစ်တို့သည် အစိုးရအာဏာပိုင်များ၏ အုပ်ချုပ်ရေးစနစ်ထက် ပိုမိုအရေးပါသောဦးစားပေးနေရာတွင်ရှိစေရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများတွင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်။

တချိန်တည်းတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ သို့မဟုတ် လူမှုအသိုက်အဝန်းများကြား အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက မိရိုးဖလာအငြင်းပွားမှုဖြေရှင်းရေးနည်းလမ်း သို့မဟုတ် အခြားသောအငြင်းပွားမှုဖြေရှင်းရေးအစားထိုးနည်းလမ်းများမှတဆင့် အကြမ်းမဖက်သောနည်းဖြင့်ဖြေရှင်းရမည်။ အကယ်၍ လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ သို့မဟုတ် လူမှုအသိုက်အဝန်းများက ထိုအငြင်းပွားမှုများကို ၎င်းတို့ကိုယ်တိုင်ဖြေရှင်းနိုင်ခြင်းမရှိလျှင် တရားဝင်မူကြော်ခရိုင်ကေအဲန်ယူအစိုးရက ခန့်အပ်တာဝန်ပေးထားသော တရားစီရင်ရေးအာဏာပိုင်များ၏ အကြံဉာဏ်ကိုရယူရမည်ဟု အခြေခံဥပဒေ အပိုဒ် ၆၅ တွင် ဖော်ပြထားသည်။

မည်သည့်အခြေအနေမျိုးတွင် မည်သည့်ကျင့်ဝတ်စည်းမျဉ်းများကို လိုက်နာရမည်များအပါအဝင် သက်ဆိုင်သူအားလုံးအတွက် အငြင်းပွားမှုများကို တရားမျှတစွာဖြေရှင်းပေးနိုင်စေရန် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး အသေးစိတ်ကို ငြိမ်းချမ်းရေးနှင့်တရားမျှတမှုအခန်းတွင်ဖော်ပြထားသည်။ ဥပမာ တရားခွင်ကြားနာစစ်ဆေးစီရင်မှုကို အများပြည်သူအား လွတ်လွတ်လပ်လပ်ဝင်ရောက်နာကြားခွင့်ပြုပြီး ပွင့်လင်းမြင်သာမှုရှိသည့်ပုံစံတစ်ခုဖြင့် သက်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်းကို လေးစားလိုက်နာသော တာဝန်ရှိသူတရားစီရင်ရေးအာဏာပိုင်များ၏ရှေ့မှောက်တွင် ပြုလုပ်ရမည်။ ရည်ညွှန်းကိုးကားရမည့်ကျင့်ဝတ်စည်းမျဉ်းများမှာ လူမှုအသိုက်အဝန်း ကျင့်ဝတ်ကိုချိုးဖောက်သည် သို့မဟုတ် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အခြေခံဥပဒေကိုချိုးဖောက်သည် သို့မဟုတ် KNU ဥပဒေများနှင့်မူဝါဒများကိုချိုးဖောက်သည့် ပြစ်မှု သို့မဟုတ် ဥပဒေနှင့် မညီသောလုပ်ဆောင်ချက်ဖြစ်သည်ဟူသော အချက်ပေါ်မူတည်သည်။



သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဆိုင်ရာ အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးတွင် ရွာသူရွာသားများမှ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေမူကြမ်းအား သုံးသပ်နေကြစဉ်

## စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေတွင် လူထုအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအတွက် လမ်းညွှန်ပေးထားသည့် အခြေခံမူများလည်း ပါဝင်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းပြုလုပ်မည့် စီးပွားရေးလုပ်ဆောင်ချက်အားလုံးသည် လူမှုအသိုက်အဝန်းထံမှ ရှင်းရှင်းလင်းလင်းနားလည်သိမြင်မှုဖြင့် ခွင့်ပြုပေးအပ်သည့် လွတ်လပ်သောသဘောတူညီမှုကို ကြိုတင်ရယူခြင်းများရှိရမည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် သံလွင် ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ လူသားနှင့်မြေယာအကြား ဆက်နွယ်ပတ်သက်မှုကို ကာကွယ်ပေးထားသောဓလေ့ထုံးတမ်း များနှင့် ကိုက်ညီရမည်။

ဤအချက်ကို အခြေခံအဆောက်အအုံနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အောက်ပါအတိုင်း ရှင်းလင်းစွာ အသားပေး ပြောဆိုထားသည်။

*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းမှ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်မှုနှင့် စီးပွားရေးလုပ်ဆောင်ချက်များသည် ဌာနေ ကရင်တိုင်းရင်းသားများ၏ ရှင်သန်နေထိုင်မှုဘဝပုံစံအား ဆက်လက်သယ်ဆောင်သွားနိုင်ရန် ဦးတည်ရည်ရွယ်သည်။ (အပိုဒ် ၉၅)*

*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူတို့၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အပါ အဝင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ဘုံအကျိုးစီးပွားနှင့် အများပြည်သူအကျိုးစီးပွားများအပေါ် ဆိုးကျိုးများ သက်ရောက်နိုင် သောနည်းလမ်းတစ်ရပ်ဖြင့် ငွေနှင့်အာဏာရယူစုဆောင်းမှုအပေါ်အခြေခံဖွဲ့စည်းထားသည့် စီးပွားရေးစနစ်နှင့် ဝင်ငွေဖော် ဆောင်မှုကို လက်သင့်ခံခွင့်ပြုခြင်းမရှိစေရ။ (အပိုဒ် ၉၅)*



သာသွီးဒဲ ဓလေ့ရိုးရာကော်နယ်နိမိတ်ကို ရွာသူရွာသားများမှပူးပေါင်းရေးဆွဲကာ လိုအပ်သောအချက်အလက်များကို ဖြည့်စွက်နေစဉ်

## ရှေ့ဆက်ခြေလှမ်း

- သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အခြေခံဥပဒေနှင့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်တို့အား တရားဝင်အတည်ပြုထုတ်ပြန်ကြေငြာခြင်းအခမ်းအနားကို ၁၈ - ၂၀၊ ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်တွင် ပြုလုပ်သွားမည်ဖြစ်သည်။
- သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အား တရားဝင် အတည်ပြုထုတ်ပြန်ကြေငြာသည့် အဆိုပါအခမ်းအနား၌ ပထမဆုံးသော သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အထွေထွေညီလာခံနှင့်အုပ်ချုပ်ရေးကော်မတီအစည်းအဝေးကြီးအတွက် အစီအစဉ်များ ချမှတ်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းတစ်ခုချင်းစီမှ တွေ့ဆုံကြမည့် ဤကနဦးအစီးအဝေးကြီး၌ ၂၀၁၉ ခုနှစ်အတွင်း လုပ်ဆောင်မည့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏လုပ်ငန်းအစီအစဉ်များကို ချမှတ်သွားမည်။
- တချိန်တည်းတွင် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အတွင်း ဌာနေလူထု၏စီမံခန့်ခွဲမှုအောက်၌ရှိ သော နယ်မြေဒေသများကို ပြန်လည်တိုင်းထွာခြင်းနှင့်မြေပုံဖြင့်မှတ်တမ်းတင်ခြင်း စသည့်လုပ်ငန်းများကို သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ဖြစ်မြောက်ရေးကော်မတီက ဆက်လက်ပံ့ပိုးသွားမည်။
- မိမိတို့၏မြေယာနှင့်နယ်မြေဒေသများကို ပြန်လည်တိုင်းထွာမှတ်တမ်းတင်နေသည့်အချိန်တွင် လူမှုအသိုက်အဝန်းတို့သည်လည်း ၎င်းတို့ဒေသအလိုက်ကျင့်သုံးသော မြေယာနှင့်သဘာဝ အရင်းအမြစ်စီမံခန့်ခွဲရေးကျင့်ဝတ်နှင့်စည်းမျဉ်းဥပဒေများကို ပြန်လည်စုစည်းမှတ်တမ်းတင်သွားမည်။ အဆိုပါကျင့်ဝတ်နှင့်စည်းမျဉ်းစည်းကမ်းများကို သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အခြေခံ ဥပဒေထဲတွင် ထည့်သွင်းအသိအမှတ်ပြုသွားမည်ဖြစ်သည်။
- သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အထွေထွေညီလာခံနှင့်အုပ်ချုပ်ရေးကော်မတီတို့ကိုဖွဲ့စည်းပြီးသည့်နောက်ဤအုပ်ချုပ်ရေးကိုယ်ထည်နှင့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်မြောက်ရေးကော်မတီတို့သည် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အား ဌာနေတိုင်းရင်းသားတို့စီမံခန့်ခွဲသော နယ်မြေ (ICCA) အဖြစ် နိုင်ငံတကာတွင် မှတ်တမ်းတင်နိုင်ရေးနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိနိုင်ရန် အတူတကွ ကြိုးပမ်းအားထုတ်သွားမည်ဖြစ်သည်။
- ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပမည့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ကွန်ဂရက်၌ ၂၀၁၉ ခုနှစ် တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သော သံလွင်ငြိမ်းချမ်းရေးဉယျာဉ်လုပ်ငန်းနှင့် လှုပ်ရှားမှုများကို ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။



ကျေးရွာအုပ်စုအဆင့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ဆိုင်ရာ အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး



သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဆိုင်ရာ အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး၌ တက်ရောက်လာသူ
ကိုယ်စားလှယ်များအား တွေ့ရစဉ်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်။

*ဒီတာဝန်ဟာ (သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ထူထောင်နိုင်ဖို့အတွက်) ဒီဥယျာဉ်ထဲမှာ
နေထိုင်နေ ကြတဲ့ ကျွန်တော်တို့အားလုံးနဲ့ဆိုင်တယ်။ ဒီဥယျာဉ်ကိုထူထောင်နိုင်ဖို့ ကျွန်တော်တို့အားလုံး
အတူတူလက်တွဲလုပ်ဆောင်ရမယ် ဆွေးနွေးရမယ် တိုင်ပင်ရမယ်။ ဒါမှ ဒီဥယျာဉ်ကို
ကျွန်တော်တို့အသိအမှတ်ပြုလို့ရမှာဖြစ်သလို ကမ္ဘာကလည်း ကျွန်တော်တို့ရဲ့ဥယျာဉ်ကို အသိအမှတ်ပြုကြောင်း
အခြားသူတွေကလည်း သိသွားမှာဖြစ်တယ်။ ကျွန်တော်တို့အားလုံး တစ်စိတ်တစ်ဝမ်းတည်းနဲ့
စိတ်သဘောထားညီညွတ်စွာ အတူတူလက်တွဲလုပ်သွားဖို့ဘဲ လိုတယ်။
ဒီနည်းနဲ့ကျွန်တော်တို့ရဲ့ ပန်းတိုင်ဆီကို ကျွန်တော်တို့ရောက်ရှိမှာဖြစ်တယ်။*

ပဒိုလွဲဂေ၊ ယခင် မူတြော်ခရိုင် တွဲဖက်တွင်းရေးမှူး၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဆိုင်ရာ
အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး၊ ဒီဇင်ဘာလ၊ ၂၀၁၆။

KESAN

**P.O. Box 204, Prasing Post Office,**
**Muang, Chiang Mai , Thailand 50205**
**Tel: 052 010 430**
**E-mail: info@kesan.asia**
**Website: www.kesan.asia**